# Highlights from DVB Debate's Fighting against Women's Inequality Show

## October 7, 2017

## "How to fight Women Inequality?"

"ကျနော်တို့ နိုင်ငံမှာရော အမျိုးသမီးလူထုတရပ်လုံးကြီးက အုံးအုံးကျွတ်ကျွတ် တိုက်ပွဲဆင်နွဲရလောက်အောင်ထိ အမျိုးသမီး အခွင့်အရေးတွေက အရမ်းနိမ့်ကျနေတယ် မထင်ပါဘူးဗျာ။"

ဦးထူးကျော်ဂင်း - ညှိနှိုင်းရေးမှူး(လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်)၊ စာရေးဆရာ

---

"ဆုံးဖြတ်ချက်ချတဲ့နေရာမှာတော့ အမျိုးသားတွေချည်းပဲ။ ကျမတို့ မွေးကတည်းက ကျား-မ ဖြစ်တည်မှုအပေါ်မှာ မြင်တဲ့ အမြင် မတူဘူး။ တန်းတူညီမျှမှုမရှိဘူး။ အမျိုးသားဆို ဆုံးဖြတ်ချက် ချနိုင်တယ် ဦးဆောင်နိုင်တယ်ပေါ့။"

ဒေါ်မြင့်မြင့်ဝေ - တရားလွှတ်တော်ရှေ့နေ

---

"တော်ရုံတန်ရုံနဲ့တော့ ဓလေ့က ဖျက်လို့ မရဘူး။ ကျမတို့ဆို ယောကျာ်းလေးကို အထွဋ်အမြတ်ထားတာ လက်ခံတယ်။ ဓလေ့ကို အကုန်လုံး ဖျောက်ဖို့ကတော့ မဖြစ်နိုင်ဘူး။"

ဒေါက်တာ အေးအေးမော် - တွဲဖက်ပါမောက္ခ၊ နိုင်ငံတကာ ဆက်ဆံရေးပညာဌာန (ရန်ကုန် အရှေ့ပိုင်းတက္ကသိုလ်)

"လူ့အခွင့်အရေးကို ဓလေ့နဲ့ ရောလို့ မရဘူး။ ကျနော့် တဦးချင်းအမြင်က ဘုရားပေါ် မိန်းမတက်တာ ဘာမှမဖြစ်ဘူး။ ကျနော့် တယောက်ထဲ အမြင်ကို လူ့အဖွဲ့အစည်းကြီးကကျတော့ ခွင့်ပြုမှာ မဟုတ်ဘူး။"

ဦးထူးကျော်ဂင်း - ညှိနှိုင်းရေးမှူး(လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်)၊ စာရေးဆရာ

---

"ယဉ်ကျေးမှုက ကျမတို့ကို ချည်နှောင်ဖို့ မဟုတ်ဘူး။ ဥပဒေအရ ကာကွယ်ထားဖို့က အဓိက၊ ဥပမာ ၈ နာရီ ၉ နာရီ ပြန်လာပြီ မိဘ မောင်နမတွေ စိတ်မပူရဘဲ အိမ်ကို ချောချောမွေ့မွေ့ ရောက်ဖို့ပဲ။ ယဉ်ကျေးမှုတွေနဲ့ ရောယှက်တောင်းဆိုရင် ရှေ့ကို ရောက်တော့မှာ မဟုတ်ဘူး။ ယဉ်ကျေးမှုနဲ့ ပတ်သက်တာမှန်သမျှကို ဒီအတိုင်း ထားဖို့ပဲ။ အခွင့်အရေးတွေ ဘယ်မှာရှိနေသလဲ ? လုပ်လို့ရတဲ့ အခွင့်အရေးက စ တင်ကြိုးပမ်းရမယ်။"

ဒေါ်ထုမေ - အမျိုးသားလွှတ်တော်အမတ်

---

"ကျနော်တို့ လက်ခံသည်ဖြစ်စေ လက်မခံသည်ဖြစ်စေ ကမ္ဘာမှာကိုက အဖိုက ဦးစီး ဦးဆောင်မှုကို သွားနေတာပဲ။"

ဦးထူးကျော်ဂင်း - ညှိနှိုင်းရေးမှူး(လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်)၊ စာရေးဆရာ

---

"မိန်းခကလေးတွေကိုပဲ ညဘက်အပြင်မထွက်နဲ့ ဆုံးမတယ်ဆိုရင် သားယောကျာ်းလေးတွေကိုရော ဘာလို့ ညဘက် မထွက်ဖို့ မဆုံးမတာလဲ။"

Can Dal - ပရိသတ်

---

"မြန်မာနိုင်ငံက အမျိုးသမီး အခွင့်အရေး တက်ကြွ လှုပ်ရှားသူတွေက ယောကျာ်းမုန်းတီးရေး ဝါဒီတွေ လုပ်နေသလို ဖြစ်နေတယ်။ အမှန်က ယောကျာ်းတွေက ချစ်ဖို့ ကောင်းပါတယ်။"

ဦးထူးကျော်ဟင်း - ညှိနှိုင်းရေးမှူး(လူ့အခွင့်အရေးဖွံ့ဖြိုးတိုးတက်ရေးဖိုရမ်)၊ စာရေးဆရာ

---